မြန်မာနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရာတွင် အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကဏ္ဍ

Contents

၁။ နိဒါန်း 1

၂။ ထုတ်ကုန်ပစ္စည်းများနှင့် ထုတ်ကုန်ဈေးကွက် 2

၃။ တရားမဝင်ကုန်သွယ်ရေးလမ်းကြောင်း 6

၄။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ 7

၅။ ပြုပြင်ပြောင်းလဲရန်လိုအပ်သောအချက်များ 9

References 11

စာတမ်းပြုစုသူ၏ ကိုယ်ရေးအကျဉ်း 12

ဆက်အောင်

၂၀၁၁ ခုနှစ် ဩဂုတ်လ

၁။ နိဒါန်း

ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွါးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူ ပြုနိုင်သော ကဏ္ဍများဖြစ်ပါသည်။ အထူးသဖြင့် အရှေ့တောင်အာရှဒေသတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုကဏ္ဍနှစ်ခုကို အခြေခံ၍ စီးပွါးရေးတိုးတက်မှုကို ရယူကြပါသည်။ ဗီယက်နမ်နိုင်ငံနှင့် ကမ္ဘောဒီယားနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍ နှင့် စီးပွါးရေးတိုးတက်မှုတို့၏ ဆက်စပ်မှုကို အောက်ပါ Time-series regression analyses တွင်တွေ့ရှိနိုင်ပါသည်။ (သုံးနိုင်ငံစလုံး၏ Independent variables များဖြစ်သည့် FDI နှင့် Exports တို့သည် တစ်ခုနှင့်တစ်ခု သိသာထင်ရှားစွာ ဆက်စပ်မှုရှိနေခြင်းကြောင့် ၎င်းတို့နှစ်ခုပေါင်း၍ Multiple regression analyses များပြုလုပ်ပါက Multicolinearity ပြဿနာဖြစ်နိုင်သောကြောင့် Single regression analyses များဖြင့်သာ လေ့လာထားခြင်းဖြစ်ပါသည်)။

$\text{Log GDP}_{t\,(Vietnam)} = 4.00^{***} + 0.70 \text{ Log FDI}^{***}_{t\,(Vietnam)}$ ($R^2 = 0.79$)[1]
$\text{Log GDP}_{t\,(Vietnam)} = 3.34^{***} + 0.70 \text{ Log Export}^{***}_{t\,(Vietnam)}$ ($R^2 = 0.98$)

$\text{Log GDP}_{t\,(Cambodia)} = 5.93^{***} + 0.045 \text{ Log FDI}^{***}_{t\,(Cambodia)}$ ($R^2 = 0.55$)
$\text{Log GDP}_{t\,(Cambodia)} = 4.34^{***} + 0.57 \text{ Log Export}^{***}_{t\,(Cambodia)}$ ($R^2 = 0.91$)

$\text{Log GDP}_{t\,(LaoPDR)} = 7.01^{***} + 0.29 \text{ Log FDI}^{***}_{t\,(LaoPDR)}$ ($R^2 = 0.60$)
$\text{Log GDP}_{t\,(LaoPDR)} = 4.06^{***} + 0.60 \text{ Log Export}^{***}_{t\,(LaoPDR)}$ ($R^2 = 0.93$)

အထက်ပါ တွေ့ရှိချက်များအရ၊ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်လုပ်ငန်း များသည် ၎င်းနိုင်ငံများ၏ စီးပွါးရေးကဏ္ဍတိုးတက်မှုကို သိသာထင်ရှားစွာ (at least at 95% statistical significance level ဖြင့်) အထောက်အကူပြုသည်ကို တွေ့ရှိရပါမည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက် – $\text{Log GDP}_{t\,(Myanmar)} = -0.59 + 0.04 \text{ Log FDI}_{t\,(Myanmar)} + 1.60 \text{ Log Export}^{**}_{t\,(Myanmar)}$ ($R^2 = 0.91$) (Adjusted $R^2 = 0.90$) – အရ ထုတ်ကုန်တစ်ခုတည်းသာလျှင် စီးပွါးရေးတိုးတက်မှုဖြင့် ဆက်စပ်မှုရှိ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် မည်သည့်ကဏ္ဍနှင့်မျှ ဆက်စပ်မှုမရှိသည်ကို တွေ့ရှိရပါသည်။ (မြန်မာနိုင်ငံ၏ Independent variables များဖြစ်ကြသော FDI နှင့် Exports တို့သည် အခြားနိုင်ငံများကဲ့သို့ ဆက်စပ်မှုမတွေ့ရှိရသဖြင့် ၎င်းတို့ နှစ်ခုအားပေါင်း၍ Multiple regression analysis ဖြင့် လေ့လာထားခြင်းပါသည်)။

ထိုကဲ့သို့ဆက်စပ်မှုမရှိရခြင်းမှာ ၁၉၉၇ ခုနှစ် Asia financial crisis နှင့် အခြားသော အကြောင်းအရာများကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ သိသာစွာ ကျဆင်းသွားခြင်းလည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ Value-added ပစ္စည်းများ ထုတ်လုပ်တင်ပို့မှု နည်းခြင်းကြောင့်လည်းကောင်း၊ ထို Independent variables နှစ်ခုဆက်စပ်မှုမရှိ၍ FDI နှင့်

[1] *** = Statistically significant at 99% confidence level; ** = = Statistically significant at 95% confidence level; * = = Statistically significant at 90% confidence level

စီးပွါးရေးတိုးတက်မှုတို့ ဆက်စပ်မှုမရှိခြင်းဖြစ်နိုင်ပါသည်။ စီးပွါးရေးတိုးတက်မှုနှင့် ထုတ်ကုန်တင်ပို့မှုမှာလည်း ကိန်းဂဏန်းများအရ တစ်ခုနှင့်တစ်ခု ဆက်စပ်မှုရှိနေသော်လည်း လက်တွေ့တွင် GDP အပေါ် ထုတ်ကုန်၏အချိုးမှာ တစ်နှစ်နှင့်တစ်နှစ် သိသာစွာ ကျဆင်းလျက်ရှိသည်ကို အောက်ပါ ဂရပ်(ဖ်)တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ ထို့ကြောင့် လက်တွေ့တွင် မြန်မာနိုင်ငံ၏ စီးပွါးရေးတိုးတက်မှုနှင့် ထုတ်ကုန်တင်ပို့မှုတို့ အမှန်တကယ်ဆက်စပ်မှုရှိနိုင်မရှိနိုင်ကို ပြောနိုင်ရန် ခဲယဉ်းလှပါသည်။ ရှင်းဖယား။ကိန်းဂဏန်းများအရ GDP သည်လည်းမြင့်တက်၊ ထုတ်ကုန်သည်လည်း မြင့်တက် လျှက်ရှိသောကြောင့် ၎င်းတို့ဆက်စပ်မှုရှိသည်ဟု Regression analysis မှ မှားယွင်းစွာ တွက်ချက်မိဟန် တူပါသည်။

ပုံ(၁)။ မြန်မာနိုင်ငံ၏ထုတ်ကုန်တန်ဖိုးနှင့် ဂျီဒီပီအပေါ်ထုတ်ကုန်အချိုး



Source: CSO Myanmar

အထက်ပါဂရပ်(ဖ်)ကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ထုတ်ကုန်ကဏ္ဍသည် စီးပွါးရေးတိုးတက်မှုအပေါ် သက်ရောက်မှု နည်းပါးကြသည်ကို တွေ့ရှိရပါမည်။ စီးပွါးရေးတိုးတက်မှုသည် ထုတ်ကုန်ကဏ္ဍတစ်ခုတည်းပေါ်၌ မူတည်ခြင်းမဟုတ်ဘဲ ရင်းနှီးမြှုပ်နှံမှု၊ ပုဂ္ဂလိကစားသုံးမှု၊ အစိုးရသုံးစွဲမှု စသည်တို့ပေါ်တွင်လည်း မူတည်လျက်ရှိသောကြောင့် ထုတ်ကုန်တန်ဖိုးကို သွင်းကုန်တန်ဖိုးထက် ပိုသာစေရန်အတွက် သွင်းကုန်ထိန်းချုပ်သောစနစ်ကို ရှောင်ကြဉ်သင့်ပါသည်။ (ဗီယက်နမ်နိုင်ငံတွင် ယခုအချိန်အထိ နှစ်ပေါင်းများစွာ သွင်းကုန်တန်ဖိုးသည် ထုတ်ကုန်တန်ဖိုးထက် ပို၍များပါသည်)။ ထိုကဲ့သို့ သွင်းကုန် ထိန်းချုပ်ခြင်းအစား ထုတ်ကုန်ကဏ္ဍ ပိုမိုတိုးတက်စေရန် မလိုလားအပ်သော အတားအဆီးများကို လျှော့ချ၍ ထုတ်ကုန် မြှင့်တင်မှုလုပ်ငန်းများကို အလေးပေးလုပ်ဆောင်သင့်ပါသည်။

၂။ ထုတ်ကုန်ပစ္စည်းများနှင့် ထုတ်ကုန်ဈေးကွက်

၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို ကြည့်ပါက အဓိက (၅) မျိုးသာ ရှိသည်ကို တွေ့ရပါသည်။ ထို (၅) မျိုး၏ ထုတ်ကုန်တန်ဖိုးသည် ထုတ်ကုန်အားလုံးတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းခန့်ရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ထို (၅) မျိုးမှာ (က) သဘာဝဓါတ်ငွေ့ (ခ) အထည်အလိပ် (ဂ) သစ်နှင့် သစ်အချောထည် (ဃ) ငါး၊ ပုစွန်စသော ရေလုပ်ငန်းပစ္စည်း (င) ပဲမျိုးစုံ စသည်တို့ဖြစ်ပါသည်။ ထုတ်ကုန်ပစ္စည်းများထဲတွင် သဘာဝအရင်းအမြစ်

ပစ္စည်းထုတ်ကုန် (Natural resources exports) များ၏ တန်ဖိုးမှာ ထုတ်ကုန်အားလုံးတန်ဖိုး၏ ၇၀ ရာခိုင်နှုန်းကျော် ခန့်ဖြစ်နေပါသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသည် ထုတ်ကုန်ပစ္စည်းအနည်းငယ် (အထူးအဖြင့် သဘာဝ အရင်းအမြစ်ပစ္စည်းများ) ကိုသာ အားပြုလျက်ရှိပြီး၊ Product development အားနည်းသည့်အတွက် Product diversification မရှိသည်ကို တွေ့ရှိရပါမည်။

ပုံ(၂)။ မြန်မာ့အဓိကထုတ်ကုန်ပစ္စည်း (၅) မျိုးနှင့်ပတ်သက်၍ CLMV နိုင်ငံများ၏ ထုတ်ကုန်အခြေအနေ

မြန်မာ့အဓိကထုတ်ကုန်ပစ္စည်း (၅) မျိုးနှင့်ပတ်သက်၍ ဒေသတွင်းရှိ နိုင်ငံများ၏ ထုတ်ကုန်အခြေအနေ	ဓါတ်ငွေ့ထုတ်ကုန်ပစ္စည်း (HS2711) နှင့် ပတ်သက်၍ ဒေသတွင်းရှိ နိုင်ငံများ၏ ထုတ်ကုန်အခြေအနေ
	
အထည်အလိပ်ပစ္စည်း (HS62) နှင့် ပတ်သက်၍ ဒေသတွင်းရှိ နိုင်ငံများ၏ ထုတ်ကုန်အခြေအနေ	သစ်ကုန်ပစ္စည်း (HS44) နှင့် ပတ်သက်၍ ဒေသတွင်းရှိ နိုင်ငံများ၏ ထုတ်ကုန်အခြေအနေ
	

ငါးလုပ်ငန်းပစ္စည်း (HS03) နှင့် ပတ်သက်၍ ဒေသတွင်းရှိ နိုင်ငံများ၏ ထုတ်ကုန်အခြေအနေ	ပဲမျိုးစုံနှင့်အသီးအရွက်ပစ္စည်း (HS07) နှင့် ပတ်သက်၍ ဒေသတွင်းရှိ နိုင်ငံများ၏ ထုတ်ကုန်အခြေအနေ
	

Source: ITC

မြန်မာနိုင်ငံ၏ အဓိကထုတ်ကုန် (၅) မျိုးနှင့်ပတ်သက်၍ CLMV ဒေသအတွင်းရှိ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံမှ ငါးပစ္စည်းများထုတ်ကုန်တန်ဖိုးမှာ — သဘာဝဓါတ်ငွေ့ထုတ်ကုန်မှလွဲ၍ (အထူးသဖြင့် ဗီယက်နမ်နိုင်ငံနှင့်ယှဉ်လျှင်) အလွန် နည်းပါးနေသေးသည်ကို တွေ့ရှိရပါမည်။ အထည်အလိပ်ပစ္စည်းနှင့်ပတ်သက်၍ ကမ္ဘောဒီယားနိုင်ငံ၏ ထုတ်ကုန်တန်ဖိုးမှာ မြန်မာနိုင်ငံထက် နှစ်ဆကျော် များနေသည်ကိုလည်း တွေ့ရှိရပါမည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ထုတ်ကုန်ကဏ္ဍတွင် ထုတ်ကုန်များများ တင်ပို့နိုင်လောက်အောင် Effective promotion system များ မရှိသေး၍ သော်လည်းကောင်း၊ ထုတ်ကုန်ကဏ္ဍတွင်ရှိနေသော အတားအဆီးများကို အပြည့်အဝ ဖယ်ရှားမှု မပြုနိုင်သေး၍ သော်လည်းကောင်း၊ ထုတ်ကုန်ပစ္စည်းများတွင် Value-added ပစ္စည်းများ နည်းပါးနေသေး၍ လည်းကောင်း အခြားနိုင်ငံများနှင့်ယှဉ်လျှင် ထုတ်ကုန်တန်ဖိုးမှာ အလွန်နည်းနေသေးသည်ကို တွေ့ရပါမည်။

၂၀၀၉–၁၀ ခုနှစ် မြန်မာနိုင်ငံ၏ ထုတ်ကုန်ဈေးကွက်ကို ကြည့်ပါကလည်း (၅–၆) နိုင်ငံလောက်ကိုသာ အဓိက အားထားနေရသည်ကို တွေ့ရှိရပါသည်။ ထိုနိုင်ငံများမှာ (က) ထိုင်းနိုင်ငံ–၄၆% (ခ) တရုတ်နိုင်ငံ(ဟောင်ကောင်အပါအဝင်)–၂၂% (ဂ) အိန္ဒိယနိုင်ငံ–၁၄% (ဃ) စင်ကာပူနိုင်ငံ–၁၀% တို့ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ထိုနိုင်ငံများသို့ တင်ပို့သော ထုတ်ကုန်တန်ဖိုးမှာ ထုတ်ကုန်အားလုံးတန်ဖိုး၏ ၉၀ ရာခိုင်နှုန်းကျော် ရှိပါသည်။ <u>ထို့ကြောင့် မြန်မာနိုင်ငံ၏ ထုတ်ကုန်ကဏ္ဍတွင် Market diversification မရှိသေးသည်ကို တွေ့ရှိရပါသည်။</u>

မြန်မာနိုင်ငံမှ အာဆီယံဒေသတွင်းရှိ နိုင်ငံများသို့ တင်ပို့သည့် ထုတ်ကုန်တန်ဖိုးသည် ဗီယက်နမ်နိုင်ငံနှင့်ယှဉ်လျှင် ၆၄ ရာခိုင်နှုန်းခန့် နည်းနေသည်ကို တွေ့ရှိရပါမည်။ ၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံမှ တစ်ကမ္ဘာလုံးသို့ တင်ပို့သည့် ထုတ်ကုန်တန်ဖိုးမှာ ဗီယက်နမ်နိုင်ငံမှ အာရှနိုင်ငံများသို့ တင်ပို့သည့် ထုတ်ကုန် တန်ဘိုး၏ ၂၂ ရာခိုင်နှုန်းခန့်သာရှိပါသည်။

နိုင်ငံတစ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းအလိုက် ကမ္ဘာ့ဈေးကွက်တွင် မည်မျှအားသာမှုရှိသည်ကို Revealed Comparative Advantage Index (RCA) ဖြင့်ပြသလေ့ရှိပါသည်။ ထို RCA တွက်နည်းကို အနည်းငယ်ပြောင်းလဲ၍ တွက်ချက်ပါက နိုင်ငံတစ်နိုင်ငံမှ အခြားနိုင်ငံတစ်နိုင်ငံ (သို့) အခြားနိုင်ငံအုပ်စု (Other country group) (သို့) အခြားဒေသ (Other region) သို့ တင်ပို့သော ထုတ်ကုန်တန်ဖိုးသည် ထိုနိုင်ငံအုပ်စုသို့ ကမ္ဘာမှ တင်ပို့သည့် ထုတ်ကုန်တန်ဘိုးနှင့် နှိုင်းယှဉ်လျှင် အားသာချက်ရှိမရှိကို နှိုင်းယှဉ်နိုင်ပါသည်။[2]



ထိုကဲ့သို့နှိုင်းယှဉ်ပါက မြန်မာနိုင်ငံမှ အာရှနိုင်ငံများသို့ တင်ပို့သည့် ရာခိုင်နှုန်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုမို၍ များပြားလာသော်လည်း (တနည်းဆိုသော် မြန်မာနိုင်ငံ၏ ထုတ်ကုန်ကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် အာရှနိုင်ငံများကို ပိုမို၍ အားကိုးလာရသော်လည်း) မြန်မာနိုင်ငံမှ ထိုကဲ့သို့အာရှနိုင်ငံများသို့ တင်ပို့ခြင်း၏ နှုန်းထားမှာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ထိုအာရှနိုင်ငံများ၏ ဈေးကွက်ကို အားကိုးခြင်းဖြင့် မြန်မာနိုင်ငံ၏ ထုတ်ကုန်ကဏ္ဍ ပိုမို အားသာမှု မရနိုင်ပါ။ ထို့ကြောင့် မြန်မာနိုင်ငံအနေနှင့် လက်ရှိ အာရှနှင့် အခြားထုတ်ကုန်ဈေးကွက်ကို ယခုထက်ပိုမို၍ ချဲ့ထွင်နိုင်ရန် အထူးလိုအပ်ပါသည်။

ပို၍စိုးရိမ်စရာကောင်းသောအချက်မှာ ယခုမျက်မှောက်အခြေအနေတွင် မြန်မာနိုင်ငံ ထုတ်ကုန်ကဏ္ဍ၏ ၈၀ ရာခိုင်နှုန်း ကျော်ခန့်သည် တရုတ်၊အန္တိယ၊ထိုင်း စသည့် (၃) နိုင်ငံကိုသာ အားကိုးနေရသောကြောင့် Market diversification အားနည်းမှု ရှိနေသည်ကို တွေ့ရှိရပါသည်။ ထုတ်ကုန်ကဏ္ဍ အားကိုးနေရသည့် ထိုနိုင်ငံတစ်နိုင်ငံတွင် ပြဿနာတစ်ခုခု ကြုံတွေ့ရပါက ထိုနိုင်ငံ၏ စားသုံးမှုနည်းပါးခြင်းနှင့် နှင့် သွင်းကုန်လျော့ကျခြင်း စသောဂယက်များသည် မြန်မာနိုင်ငံ၏ ထုတ်ကုန်ကဏ္ဍကို သိသာစွာ ထိခိုက်မှုဖြစ်စေနိုင်ပါသည်။

---

[2] မြန်မာနိုင်ငံမှ အာရှနိုင်ငံများသို့ တင်ပို့ခြင်း၏ အားသာချက် RCA = $\frac{X(\text{Myanmar to Asia}) / X(\text{Myanmar to World})}{X(\text{World to Asia}) / X(\text{World})}$

၃။ တရားမဝင်ကုန်သွယ်ရေးလမ်းကြောင်း

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအကြား နယ်စပ်ကုန်သွယ်မှုတွင် တရားမဝင်လမ်းကြောင်းများ ရှိနေသည်ကို အားလုံး သိထားကြပါသည်။ အချို့သွင်းကုန်၊ထုတ်ကုန်များမှာ မြန်မာနိုင်ငံဘက်တွင် စာရင်းမဝင်သော်လည်း အချို့မှာ တဖက်နိုင်ငံ ဘက်တွင် စာရင်းဝင်ပြီး၊ အချို့မှာ နှစ်ဘက်လုံးတွင် စာရင်းမဝင်သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကြား ကုန်သွယ်မှုတန်ဖိုးများနှင့် ၎င်းတို့၏ကွာဟချက်များကို အောက်ပါအတိုင်း တွေ့ရပါမည်။[3]

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြား ကုန်သွယ်ရေး	မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကြား ကုန်သွယ်ရေး
	

ထိုတရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများကို ချက်ချင်း တားဆီးပိတ်ဆို့မှုများဖြင့် တင်းကျပ်လိုက်ပါကလည်း ၎င်းအပေါ်တွင် မှီခိုလျက်ရှိသော လက်လုပ်လက်စား သာမန်အလုပ်သမားများ၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ စသည်တို့၏ စီးပွါးရေးနှင့် လူမှုရေးအခြေအနေများကို ထိခိုက်နစ်နာစေနိုင်ပါသည်။ ထိုတရားမဝင် လမ်းကြောင်းများမှာ ပြည်တွင်း ခက်ခဲမှုများ (ဥပမာ၊ စီးပွါးရေးအခက်အခဲများ၊ ရုံးဖန်ရုံခါပိတ်ဆို့မှုများ၊ လိုင်စင်စနစ်များ၊ စသည်ဖြင့်) နှင့် ပြည်ပပိတ်ဆို့မှုများကို အခြေခံ၍ ဖြစ်ပေါ်လာသည်ဟု ယူဆနိုင်ပါသည်။

ထို့ကြောင့် တရားဝင် လမ်းကြောင်းကို ပိုမို၍ လျှင်မြန်ချောမွေ့ လွယ်ကူ သက်သာစေရန် ဆောင်ရွက်ခြင်းဖြင့် တရားမဝင် ကုန်သွယ်မှုများကို တဖြည်းဖြည်းချင်း လျှော့ချသွားနိုင်ပါလိမ့်မည်ဟု တင်ပြချင်ပါသည်။ နယ်စပ်ကုန်သွယ်ရေး လိုင်စင်များကို လွယ်ကူလျှင်မြန်စွာ ချထားပေးသည့်အချိန်တွင် တရားမဝင် အောက်လမ်းမှသွင်းသော ကုန်ပစ္စည်းတချို့ကို တရားဝင် တင်သွင်းလာခြင်း စသည့်သာဓကများ ရှိခဲ့ပါသည်။

---

[3] Aung, Winston Set., 2011. *Informal Trade and Underground Economy in Myanmar.* Research Institute on Contemporary Southeast Asia (IRASEC), France

၄။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ

မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ် Asian financial crisis ဖြစ်သည့် အချိန်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သိသာစွာ ကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ထိုချိန်တွင် အခြားသော အာရှနိုင်ငံများတွင်လည်း အလားတူပင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ သိသာစွာဖြင့် ကျဆင်းခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးယှဉ်ပြိုင်နိုင်မှု တိုးတက်စေရန် ပြုလုပ်သည့် ဂျပန်-ဗီယက်နမ် သုတေသနစီမံကိန်း (Vietnam-Japan joint initiative to improve business environment with a view to strengthen Vietnam's competitiveness) အပြီး ၂၀၀၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ပြီးသည့် အချိန်မှစ၍ ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ တဟုန်ထိုး တိုးတက်မြင့်မားခဲ့ပါသည်။

မြန်မာနိုင်ငံ၌မူ ၂၀၀၅-၀၆ ခုနှစ်ကမှစ၍ အိမ်နီးချင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများသည် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများသို့ ဝင်ရောက်ခဲ့ပါသည်။ ထိုအချက်ကိုကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍ (Inward FDI sector) သည်လည်း နိုင်ငံအနည်းငယ်ပေါ်၌သာ အားကိုးနေရသည်ကို တွေ့ရှိရပါသည်။

နိုင်ငံပေါင်းစုံမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပိုမိုလာရောက်စေရန် မြန်မာနိုင်ငံတွင်ရှိ Investment climate ကောင်းမွန်စေရန် အထူးလိုအပ်ပါသည်။ တနည်းအားဖြင့်ဆိုသော် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် ရှင်းလင်းလွယ်ကူသည့် Investor-friendly environment ရှိရန်လိုအပ်ပါသည်။ ဗီယက်နမ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံသောလုပ်ငန်းရှင်များအား စစ်တမ်းကောက်ယူ၍ ၄င်းတို့ ကြုံတွေ့နေရသော အခက်အခဲများကိုလေ့လာကာ ဥပဒေ၊ နည်းဥပဒေနှင့် ပေါ်လစီများကို ပြင်ဆင်ကြပါသည်။

ယခုအခါ ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတို့ကို ခွဲခြားခြင်းမရှိတော့ပဲ ရင်းနှီးမြှုပ်နှံမှုဥပဒေ တစ်ခုတည်း၏အောက်တွင် အကျုံးဝင်စေသောကြောင့် Level playing field ကို တည်ဆောက် နိုင်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၏ ၂၀၀၅ ခုနှစ်တွင် ပြဋ္ဌာန်းသော ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဗီယက်နမ်ဒေါင်ငွေ ၁၅ ဘီလီယံ (Under US$ 750,000) အောက် ရင်းနှီးမြှုပ်နှံမှုများသည် လိုင်စင်လျှောက်ထားစရာ၊ မှတ်ပုံတင်စရာ မလိုဘဲ လုပ်ငန်းများ ချက်ချင်း စတင်လုပ်နိုင်ခွင့်ပေးထားပါသည်။ ဗီယက်နမ်ဒေါင်ငွေ ၁၅ ဘီလီယံနှင့် ၃၀၀ ဘီလီယံကြား (US$ 750,000-15,000,000) ရင်းနှီးမြှုပ်နှံသူများအနေနှင့် လုပ်ငန်းလုပ်မည့် ဒေသအာဏာပိုင်များ ထံတွင် မှတ်ပုံတင်စရာသာလိုပြီး လိုင်စင်လျှောက်စရာ မလိုဘဲ လုပ်ငန်းများလုပ်ကိုင်ခွင့်ပေးထားပါသည်။ ဗီယက်နမ်ဒေါင် ၃၀၀ ဘီလီယံ (Above US$ 15 mil) အထက်ရင်းနှီးမြှုပ်နှံခြင်း (သို့) အရေးကြီးသည့် Strategic and sensitive စီပွားရေးကဏ္ဍများတွင် လုပ်ကိုင်လိုမှသာ လိုင်စင်လျှောက်ထားစရာလိုပြီး Investment evaluation လုပ်သည့် အဆင့်ကို ဖြတ်ကျော်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံသားနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လျှင်မြန်စွာ ရင်းနှီးမြှုပ်နှံနိုင်သောကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကဏ္ဍသည် အရှိန်အဟုန်မြင့်စွာဖြင့် အထူးတိုးတက်ခဲ့ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှုများကြောင့် ဗီယက်နမ်နိုင်ငံ၏ စက်မှု

လုပ်ငန်းများ အထူးဖွံ့ဖြိုးတိုးတက်ပြီး ထုတ်ကုန်များလည်း အထူးမြင့်မားခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံများ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်ကဏ္ဍကို အောက်ပါ Time-series regression analyses များဖြင့်လေ့လာပါက ထိုနိုင်ငံများရှိ ၄င်းကဏ္ဍနှစ်ခုမှာ သိသာထင်ရှားစွာ ဆက်စပ်လျှက်ရှိသည်ကို တွေ့ရှိရပါမည်။

Log $Export_{t\,(Vietnam)} = 1.55 + 0.93$ Log $FDI^{***}_{t\,(Vietnam)}$ $(R^2 = 0.70)$[4]

Log $Export_{t\,(Cambodia)} = 4.42^{**} + 0.59$ Log $FDI^{**}_{t\,(Cambodia)}$ $(R^2 = 0.34)$

Log $Export_{t\,(LaoPDR)} = 5.00^{***} + 0.48$ Log $FDI^{***}_{t\,(LaoPDR)}$ $(R^2 = 0.62)$

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်ကဏ္ဍ၏ ဆက်စပ်မှုကို လေ့လာပါက — Log $Export_{t\,(Myanmar)} = 5.02 - 0.03$ Log $FDI_{t\,(Myanmar)}$ $(R^2 = 0.004)$ — ဆက်စပ်မှု လုံးဝမရှိသည်ကို တွေ့ရှိရပါမည်။ စီးပွားရေးတိုးတက်မှု အဆင့်တစ်ဆင့်သို့ ရောက်ရှိသွားသော နိုင်ငံများတွင် ထိုဆက်စပ်မှုကို မတွေ့ရနိုင်သော်လည်း စီးပွားရေး ပြုပြင်ပြောင်းလဲစ နိုင်ငံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်ကုန်ကိုအားပြုကာ စီးပွားရေးတိုးတက်မှုကို ရယူသည့်ကများသောကြောင့် ၄င်းဆက်စပ်မှုမျိုးကို တွေ့ရတတ်ပါသည်။ သို့သော် မြန်မာနိုင်ငံကဲ့သို့ စီးပွားရေးတိုးတက်စနိုင်ငံတွင် ထိုဆက်စပ်မှုကို မတွေ့ရခြင်း အဓိကအကြောင်းရင်းအချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်သင့်သလောက် မဝင်ရောက်ခြင်း။

(၂) နိုင်ငံခြားနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် ထုတ်ကုန်ကိုအခြေခံသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (export-oriented investment) များနည်းသည့်အပြင် Value-added ပစ္စည်းများကို ထုတ်လုပ်သော စက်မှုလုပ်ငန်း များလည်း ရှိသင့်သလောက်မရှိခြင်း။

(၃) ထိုစက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလိုသော (သို့) ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းများ ချဲ့ထွင်နိုင်မှုနည်းပါးခြင်း။

(၄) ထိုသို့ လုပ်ငန်းများ ချဲ့ထွင်နိုင်ရန်အတွက် လိုအပ်သော ပံ့ပိုးမှုများနည်းပါးခြင်း (ဥပမာ ဗီယက်နမ်နိုင်ငံတွင် အသေးစားနှင့် အလတ်စားလုပ်ငန်း (SME) များတိုးတက်စေရန် SME ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (SME Development Promotion Council) ကို ၂၀၀၁ ခုနှစ်ကတည်းက SME များကို ထုတ်ကုန်များ တင်ပို့နိုင်သည့်အထိ ပံ့ပိုးကူညီမှုများပေးခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ (Enterprise Development Agency) ဟုအမည်ပြောင်းကာ ပံ့ပိုးကူညီမှုများ ဆက်လက် ပေးလျှက်ရှိပါသည်)။

(၅) ထိုသို့လုပ်ငန်းများချဲ့ထွင်နိုင်ရန် လိုအပ်သော ငွေကြေးအတွက် Capital market ကဲ့သို့သော ရွေးချယ်စရာ ငွေကြေး အရင်းအမြစ်များမရှိပဲ ဘဏ်လုပ်ငန်းတစ်ခုထဲကိုသာ အားကိုးနေရခြင်း။

(၆) ဘဏ်လုပ်ငန်းများမှာလည်း Savings နှင့် Investment အကြား Intermediary role ကို ထိရောက်စွာ ရယူနိုင်မှုနည်းခြင်း။

---

[4] *** = Statistically significant at 99% confidence level; ** = Statistically significant at 95% confidence level; * = Statistically significant at 90% confidence level.

(၇) ထုတ်ကုန်ကဏ္ဍတွင် အတားအဆီးများ ရှိနေခြင်း၊ Export promotion များထိရောက်မှုနည်းခြင်း၊ ထုတ်ကုန်များ လွယ်ကူလျှင်မြန်ချောမွေ့စေရန် Export facilitation များနည်းခြင်း၊ စသည်တို့ကြောင့် ထုတ်ကုန်ကဏ္ဍမှာ တိုးတက်သင့်သလောက် တိုးတက်မှုမရှိကာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့်လည်း ဆက်စပ်မှုမရှိသည်ကို တွေ့ရှိရပါသည်။

၅။ ပြုပြင်ပြောင်းလဲရန်လိုအပ်သောအချက်များ

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြောင်းလဲမှုများ ပြုလုပ်နေချိန်တွင် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့တွင် အောက်ပါအချက်များကို အလေးထားပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပါက အောင်မြင်၍ Sustainable ဖြစ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမျိုးကို ရရှိလိမ့်မည်ဟု ယုံကြည်မိပါသည်။

(၁) ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် ဥပဒေကို အခြားနိုင်ငံများထက် သာလွန်မှုမရှိလျှင်လည်း နိမ့်ကျမှုမရှိအောင် ပြုပြင်ပြောင်းလဲသင့်ပါသည်။ အခြားနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေများ၏ အားသာချက်များကို လေ့လာထည့်သွင်းဖြည့်စွက်သင့်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုကဏ္ဍတစ်ခုလုံး ရှင်းလင်းလွယ်ကူ Transparent ဖြစ်၍ ကြိုတင်ချိန်ဆနိုင်သော Predictability ကိုရရှိပြီး Investor-friendly ဖြစ်သော ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန် ကြိုးစားသင့်ပါသည်။

(၃) Sustainable ဖြစ်သော ရင်းနှီးမြှုပ်နှံမှုကဏ္ဍကို ရရှိစေရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဥပဒေကို ပြဋ္ဌာန်း၍ ထိုဥပဒေပါအတိုင်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည့် လုပ်ငန်းများအား ပညာပေး၊ သတိပေးကာ နောက်ဆုံးအဆင့်တွင် တားမြစ်ရပ်တန့်စေသင့်ပါသည်။

(၄) အသေးစားနှင့် အလတ်စားလုပ်ငန်းများကို အထူးပံ့ပိုးပေးသော ကော်မတီ (သို့) ကောင်စီတစ်ရပ်ကို ဥပဒေဖြင့် ဖွဲ့စည်းကာ လိုအပ်သော အထောက်အပံ့များကို ပေးသင့်ပါသည်။ အထူးသဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးပေါ်လစီကို ရေးဆွဲသင့်ပါသည်။ ထို SME များထဲမှ အရည်အသွေး ပြည့်မှီသော Supporting industries များပေါ်ထွက်စေရန် အထောက်အပံ့များပေးသင့်ပါသည်။

(၅) SME များအတွက် ချေးငွေများ လွယ်ကူစေရန် အကြွေးအာမခံစနစ် (Credit Guarantee Fund system) ကိုတည်ထောင်သင့်ပါသည်။

(၆) ကုန်သွယ်မှုကဏ္ဍတွင်ရှိသော အတားအဆီးများကို ပြန်လည်လေ့လာဆန်းစစ်ကာ ပြုပြင်သင့်သည်များကို ပြုပြင်သင့်ပါသည်။ အထူးသဖြင့် လိုင်စင်စနစ်ကို ပြန်လည်သုံးသပ်သင့်ပါသည်။

(၇) နိုင်ငံခြားကုန်သွယ်မှုကဏ္ဍတွင် မလိုအပ်သော အရင်းအနှီးများပြားခြင်းကို ရှောင်နိုင်ရန်အတွက် ငွေပေးချေမှုစနစ် အမျိုးမျိုး ရွေးချယ်နိုင်ရန် ထားရှိသင့်ပါသည်။

(၈) ကုန်သွယ်မှုကဏ္ဍတိုးတက်ရန်အတွက် ထိရောက်သော Export promotion များပြုလုပ်ခြင်း၊ ကုန်သွယ်မှု လွယ်ကူ အဆင်ပြေစေရန် ထိရောက်သော Export facilitation များပေးခြင်း စသည်တို့ကို ပြုလုပ်သင့်ပါသည်။ ထုတ်ကုန်မြှင့်တင်ရေးပေါ်လစီတရပ်ကို ပြဋ္ဌာန်း၍ Manufactured goods များတင်ပို့မှုကို အထူးအားပေး သင့်ပါသည်။ ထုတ်ကုန်ဈေးကွက်များချဲ့ထွင်ခြင်း၊ နိုင်ငံတကာဈေးကွက်များ၏ အချက်အလက်များကို အချိန်နှင့် တပြေးညီရယူခြင်း၊ နိုင်ငံတကာအရည်အသွေးစံချိန်မြှင့်တင်ခြင်း၊ စသည်တို့ကို နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီများနှင့် ပူးပေါင်းကာ ၄င်းတို့အကူအညီကိုလည်း ရယူသင့်ပါသည်။

(၉) ထုတ်ကုန်ကဏ္ဍ ပိုမိုတိုးတက်စေရန် ထုတ်ကုန်ချေးငွေ (Export credits) ပေးခြင်းကို စဉ်းစားသင့်ပါသည်။

(၁၀)နယ်စပ်ကုန်သွယ်ရေးတွင် တရားဝင်လမ်းကြောင်းကို ပိုမို၍ အဆင်ပြေချောမွေ့ လွယ်ကူသက်သာအောင် ပြုလုပ် ခြင်းဖြင့် တရားမဝင်လမ်းကြောင်းကို လျှော့ချသင့်ပါသည်။

(၁၁)ကြိုတင်အသိပေးခြင်းမရှိဘဲ ရှောင်တခင်ထုတ်ပြန်သော အမိန့်ကြော်ငြာစာများ Add-hoc ပေါ်လစီများကို ရှောင်ကြဉ်သင့်ပါသည်။ သို့မှသာ Business risk နည်း၍ ကြိုတင်ခန့်မှန်းနိုင်သော စီးပွါးရေးနယ်ပယ် (Predictable business environment) ကို ရရှိမည်ဖြစ်ပါသည်။

(၁၂)ပုဂ္ဂလိက နိုင်ငံခြားကုန်သွယ်မှုဘဏ်များအား ခွင့်ပြုသင့်ပါသည်။ သို့မှသာ ပိုမို၍ မြန်ဆန်သော ကုန်သွယ်မှုနှင့် Financial transaction ကိုရရှိနိုင်ပါသည်။

(၁၃)အခြားနိုင်ငံများနှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးသဘောတူစာချုပ်များ (Bilateral investment and trade agreements) ကို ချုပ်ဆို၍ ၄င်းနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများနှင့် ၄င်းတို့နှင့် ကုန်သွယ်မှုများကို မြှင့်တင်သင့်ပါသည်။

(၁၄)Sustainable ဖြစ်သော ကုန်သွယ်မှုကို မြှင့်တင်သင့်ပါသည်။ မြန်မာလို ဘာသာပြန်ထားသော စဉ်ဆက်မပြတ်တိုးတက်မှုဆိုသည်မှာ Successive development ဟုအဓိပ္ပါယ်သက်ရောက်ပါသည်။ အမြဲတမ်း တိုးတက်မှုဟူ၍လည်း အထင်မှားကြပါသည်။ Sustainable development ဆိုသည်မှာ မိမိတို့၏ နောင်လာ နောင်သား (Future generations) များ၏ စီးပွါးရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်၊ သယံဇာတ စသည့် လိုအပ်ချက်များကို ထိခိုက်လျော့ပါးမှု မရှိစေပဲ ယခုလက်ရှိ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော တိုးတက်မှုမျိုးကို ခေါ်ပါသည်။ စီးပွါးရေးကဏ္ဍ တစ်ခုတည်းမဟုတ်ဘဲ လူမှုရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ ဟန်ချက်ညီညီတိုးတက်မှသာ Sustainable development ကိုရရှိမည်ဖြစ်ပါသည်။

References

Abraham, Itty, and Willem van Schendel, "Introduction: The Making of Illicitness", in Willem van Schendel and Itty Abraham, eds., *Illicit Flows and Criminal Things: States, Borders, and the Other Side of Globalization* (Bloomington: Indiana University Press, 2006), pp. 1–37

Adger, W. N., M. Kelly, and N. H. Ninh, eds., *Living with Environmental Change: Social Resilience, Adaptation and Vulnerability in Vietnam* (London: Routledge, 2001), pp. 79–92

Aung, Winston Set., 2011. *Informal Trade and Underground Economy in Myanmar.* Research Institute on Contemporary Southeast Asia (IRASEC), France

Aung, Winston Set., 2010. *Environmental, Social and Economic Implications of Transboundary Resource Connections in Myanmar*, in Transboundary Resources and Environment in Mainland Southeast Asia, University of Tokyo, Japan

Aung, Winston Set & regional teams., 2010. *Study on Cross Border Economic and Social Transformation in the Greater Mekong Sub-region (GMS): Impacts and Implications*, Institute of Asian Studies, Chulalongkorn University, Thailand

Aung, Winston 2009. *The Role of Informal Cross-Border Trade in Myanmar.* Institute for Security and Development Policy, Sweden

Aung, Winston Set. 2008. *Myanmar's Informal Trade with its Neighboring GMS Countries* Paper presented to Regional Policy Dialogue on Trade Facilitation Policy Gap Analysis on Cross-border Transport Agreement (CBTA) in the GMS at the Mekong Institute, Khon Kaen University, Khon Kaen, Thailand.

Auty, Richard M. 1994. "Industrial policy reform in six large newly industrializing countries: The resource curse thesis." *World Development* 22(1): 11-26.

ASEAN-EU Vision Group. 2006. *Trans-regional Partnership for Shared and Sustainable Prosperity.* http://www.europe.org.sg/en/images/AEVG%20Report--Final--10May06.pdf

Berg, Andrew and Krueger, Anne O. 2003. *Trade, Growth, and Poverty: A Selective Survey.* IMF Working Paper, No. 03/30, pp. 1-51.

Chichilnisky, Graciela. 1994. North-South Trade and the Global Environment. *American Economic Review* 84(4): 851-974.

McGuire, Martin. 1982. Regulation, Factor Rewards, and International Trade. *Journal of Public Economics* 17: 335-354.

Mya Than. 1992. *Myanmar's External Trade: an overview in the Southeast Asian context.* Singapore: ASEAN Economic Research Unit, Institute of Southeast Asian Studies.

Rachel Cleetus. 2005. *Trade Liberalization. Rural Poverty and the Environment: A Wide-Ranging Review of the Debates.* Gland: WWF. http://www.panda.org/downloads/policy/tpeliteraturereviewnov17.pdf

Roitman, Janet, "The Ethics of Illegality in the Chad Basin", in Jean Comaroff and John L. Comaroff, eds., *Law and Disorder in the Postcolony* (Chicago: University of Chicago Press, 2006), pp. 247–72

Sally, Razeen. 2007. *Trade Policy in Asia. Where Next with a Crippled WTO and Weak FTAs?.* Policy Brief No. 1. Brussels: ECIPE. http://www.ecipe.org/publications/ecipe-policy-briefs/trade-policy-in-asia/PDF

Sally, Razeen. *Looking East: The EU's New FTA Negotiations in Asia.* Tumlir Policy Essay No. 3. Brussels: ECIPE. http://www.ecipe.org/publications/jan-tumlir-policy-essays/looking-east-the-european-union2019s-new-trade-negotiations-in-asia-1/PDF

Strand, Jon. 2006. Impacts of Macroeconomic policies, the environment, natural resources, and welfare in developing countries In *Economic development and environmental sustainability:*

new policy options, edited by Ramón López and Michael A. Toman, 90-121. Oxford : Oxford University Press.

Srawooth Paitoonpong. 2006. *Thailand's Cross-border Trade in the GMS.* Core University Program Conference 2006 "Emerging Developments in East Asia FTA/EPAs" October 27-28. http://202.23.190.192/~ccas/eng/Econference/econfpdf/e20061027Srawooth.pdf

Rosser, Andrew. 2006. *The Political Economy of the Resource Curse: A Literature Survey.* IDS Working Paper 268. Brighton: Institute of Development Studies.

Tin Maung Maung Than. 2007. Myanmar's Foreign Trade Under Military Rule Patterns and Recent Trends in *Southeast Asian Affairs 2007*, edited by Daljit Singh and Lorraine Carlos Salazar, 242-256. Singapore: Institute of Southeast Asian tudies.

Toshihiro Kudo. 2006. Myanmar's Economic Relations with China: Can China Support the Myanmar Economy? *IDE Discussion Paper Series No.66.* Institute of Developing Economies, JETRO http://comtrade.un.org/

Utku Utkulu and Dilek Seymen. 2004. *Revealed Comparative Advantage and Competitiveness; Evidence for turkey vis-à-vis the EU/15.* Paper presented to the European Trade Study Group 6th AnnualConference. http://www.etsg.org/ETSG2004/Papers/seymen.pdf

van Schendel, Willem, "Introduction: The Making of Illicitness", in Willem van Schendel and Itty Abraham, eds., *Illicit Flows and Criminal Things: States, Borders, and the Other Side of Globalization* (Bloomington: Indiana University Press, 2006), pp. 1–37

van Schendel, Willem, "Spaces of Engagement: How Borderlands, Illegal Flows, and Territorial States Interlock", in Willem van Schendel and Itty Abraham, eds., *Illicit Flows and Criminal Things: States, Borders, and the Other Side of Globalizatio*n (Bloomington: Indiana University Press, 2006), pp. 38–68

စာတမ်းပြုစုသူ၏ ကိုယ်ရေးအကျဉ်း

ဆက်အောင် (ခ) Winston Set Aung သည် ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ များတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေး သုတေသန ပရောဂျက်ပေါင်း အခု ၄၀ ကျော်၌ ပါဝင်၍ သုတေသန လုပ်ငန်းများကို လုပ်ကိုင်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံရှိ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန တွင်လည်းကောင်း ကမ္ဘောဒီးယားနိုင်ငံရှိ ကမ္ဘောဒီးယား ဖွံ့ဖြိုးတိုးတက်ရေး ကောင်စီ တွင်လည်းကောင်း ရုံးထိုင်ခဲ့ပြီး စီးပွားရေး ပေါ်လစီဆိုင်ရာ သုတေသန လုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။ ထို့နောက် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ်၊ ဂျပန်နိုင်ငံ ကေယိုတက္ကသိုလ်၊ ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်၊ ဆွီဒင်နိုင်ငံ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပေါ်လစီ အင်စတီကျု၊ ထိုင်းနိုင်ငံ မဲခေါင် အင်စတီကျု၊ ဆွီဒင်နိုင်ငံ စတော့ဟုမ်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်စတီကျု၊ ပြင်သစ်နိုင်ငံ ခေတ်ပြိုင် အရှေ့တောင်အာရှဆိုင်ရာ သုတေသန အင်စတီကျု၊ စသည်တို့နှင့် ပူပေါင်းကာ စီးပွားရေးနှင့် လူမှုရေး သုတေသန လုပ်ငန်းများ ပြုလုပ်၍ သုတေသန စာတမ်းများကို ဂျပန်နိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ ထိုင်းနိုင်ငံ များတွင် ထုတ်ဝေခဲ့ပါသည်။ ၂၀၁၁ ခုနှစ်အထိ သုသေသန စာတမ်းပေါင်း ၅၀ ကျော် ရေးသား ပြုစုပြီး ဖြစ်ပါသည်။ ဆက်အောင်သည် လက်ရှိတွင် မြန်မာနိုင်ငံရှိ အာရှ ဖွံ့ဖြိုး တိုးတက်ရေး သုတေသနတွင် ဒါရိုက်တာ အဖြစ်ဖြင့် လည်းကောင်း၊ အာရှ ဘာသာစကားနှင့် စီးပွားရေး သင်တန်းကျောင်း တွင်လည်း ဒါရိုက်တာ အဖြစ်သော်လည်းကောင်း၊ ဆွီဒင်နိုင်ငံ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပေါ်လစီ အင်စတီကျုတွင် အကြီးတန်းပညာရှင် (Senior Fellow) အဖြစ် သော်လည်းကောင်း၊ ထိုင်းနိုင်ငံ မဲခေါင်အင်စတီကျု၏ သုတေသန အကြံပေးအဖွဲ့ဝင် အဖြစ်ဖြင့်လည်းကောင်း တာဝန် ထမ်းဆောင် လျှက်ရှိပါသည်။ ထို့အပြင် ထိုင်းနိုင်ငံ ကုံးကန်တက္ကသိုလ် လူမှုသိပ္ပံနှင့် လူမှုဘာသာရပ်များ ဌာနမှ ထုတ်ဝေသော မဲခေါင် လူ့အဖွဲ့အစည်း ဂျာနယ်၏ အယ်ဒီတာ အဖွဲ့ဝင်လည်း ဖြစ်ပါသည်။